သတ်မှတ်ရက်မရှိ ပိတ်ထားသော တက္ကသိုလ်ကျောင်းများကို State အခြေခံပညာကျောင်းများနှင့်အတူ ယနေ့ ပြန်ဖွင့်

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇွန်လ ၁၆ ရက်၊ ၂၀၀၃ ခုနှစ်။

ပြီးခဲ့သည့် လဆန်းနှစ်ရက်ကစပြီး သတ်မှတ်ရက်မရှိ ပိတ်ထားသော မွန်ပြည်နယ်ရှိ မော်လမြိုင်မြို့တက္ကသိုလ်ကို State အခြေခံပညာကျောင်းများနှင့်အတူ ယနေ့ ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။

ယနေ့ မော်လမြိုင်တက္ကသိုလ် အဝင်းအတွင်း၌ ကျောင်းသားကျောင်းသူများသည် ကျောင်းအပ်ရန် ပြည့်နှက်နေခဲ့ပြီး၊ နောက်ဆုံးနှစ်နှင့် အခြားနှစ် ကျောင်းသားကျောင်းသူများလည်း ကျောင်းပြန်တက်နေပြီး ဖြစ်ပါသည်။

ကျောင်းသားသစ်များနှင့် အတန်းတက်ကျောင်းသားများကို တက္ကသိုလ်ဆရာ/ဆရာမများက လက်ခံနေပြီး ကျောင်းပိတ်လိုက်သည့်အတွက်ကြောင့် မကျေနပ်နေသည့် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ အတွက်ကိုလည်း သင်ခန်းစာ ပြန်လည်သင်ကြားနေပြီး ဖြစ်သည်။

''ကျနော်တို့ နောက်နှစ်ပတ်ကျော်ကျော်မှာ စာမေးပွဲဖြေပြီးရင် ကျောင်းပြီးတော့မယ်။ ဒါပေမဲ့ ဆရာ/ဆရာမတို့မှ ကျောင်းရှေ့တွင် ဒီဇွန်လ ၂ ရက်နေ့ကစပြီး သတ်မှတ်ရက်မရှိ ဒေးလ် (အဆောင်မနေပဲ နေ့ခင်းတွင် လာရောက်ကျောင်းတက်သော) ကျောင်းသားကျောင်းသူများအတွက် ကျောင်းပိတ်တယ်လို့ စာကပ်ထားတာကြောင့် ကျနော်တို့ သိပ်ပြီး မကျေနပ်ဘူး၊ ဘာကြောင့် ကျောင်းပိတ်လိုက်ရတာ ကိုလည်း ကျနော်တို့မသိခဲ့ဘူး။ နောက်ပြီးတော့ ကျောင်းကွင်းထဲကိုလဲ မပေးဝင်ပြန်တော့ ကျနော်တို့ အတော့်ကိုစိတ်ဓါတ်ကျပြီး မကျေနပ်ခဲ့ဘူး၊ အခုတော့မှ ကျောင်းပြန်ဖွင့်တော့ စိတ်ပြန်အေးလာတယ်'' ဟု နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများက ဆိုသည်။

ယခုကျောင်းပြန်ဖွင့်မှုသည် ကျောင်းပိတ်ခံရသည့် ၁၉၉၆ ခုနှစ်မှ ၂၀၀၂ အထိ ဒေးလ်ကျောင်းသားကျောင်းသူများအတွက်ဖြစ်သည်။

မော်လမြိုင်တက္ကသိုလ်သည် ကျောင်းသားကျောင်းသူ ဦးရေ ၈၀၀၀ ကျော် ရှိပြီး၊ ပြီးခဲ့သည့် မတ်လ ဒုတိယအပတ်တွင် ကျောင်းသူတဦး ဆိုင်ကားမှောက်မှုကိစ္စတွင် ကျောင်းသားကျောင်းသူများသည် မော်တော်ပီကယ် (ယဉ်ထိန်း) များအပေါ် မကျေနပ်မှုကြောင့် မော်လမြိုင်မြို့ပေါ် လမ်းများတွင် စိုက်ထူထားသော ယာဉ်စည်းကမ်းဆိုင်းဘုတ်များကို ဆန္ဒပြ ရိုက်ဖျက်ခဲ့ပါသည်။